ငဝ်ႈငၢၼ်း ပႃႇတီႇမႂ်ႇသုင်လိူင်ႈတႆး
ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်
SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS

E-mail: sspp.hq@gmail.com

## လက်ရှိရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်SSPP/SSA နယ်မြေအတွင်းတိုက်ပွဲဖြစ်ပွားမှုပေါ်ထုတ်ပြန်ချက်

၂၀၁၅ခုနှစ် အောက်တိုဘာလ(၅)နေ့တွင် ဗိုလမ်အမြဲစိုက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ အင်အား(၁၀၀)ကျော်ရှိ တပ်မတော်စစ်ကြောင်းသည် မိုင်းနောင်မှ ရှမ်းပြည်တောင်ပိုင်း မိုင်းရှူးမြို့နယ် မိုင်းခန်းသို့လည်းကောင်း၊ အင်အား(၂၀၀)ကျော်ရှိ စစ်ကြောင်းတစ်ကြောင်းသည် ကာလိ၊ မိုင်းခန်းမြို့နယ်ခွဲမှ ဝမ်လီသို့လည်းကောင်း၊ ဝမ်လီတွင်အချို့အခြေပြု၍ အင်အား(၅၀)ကျော်ရှိ စစ်ကြောင်းတစ်ကြောင်းသည် တာကောင်းမူးမှတဆင့် နမ့်ပန်ချောင်းကိုကျော်ဖြတ်ပြီး မိုင်းရှူးမြို့နယ် နားပေရွာရှိ ၎င်းတို့အခြေပြုထားသည့် စစ်ကြောင်းများနှင့် လာရောက်ပူးပေါင်းခဲ့သည်။ နောင်ယာဆိုင်းနှင့်နမ့်မွတ်းတို့တွင်လည်း အင်အား(၄၀)ကျော်စီရှိ စစ်ကြောင်းများသည်လည်း ကြိုတင်နေရာယူပြီး မိမိတို့တာဆမ်ပူးကူးတို့ဆိပ်စခန်းအား ထိုးစစ်ဆင်လာပါသည်။

၂၀၁၅ခုနှစ် အောက်တိုဘာလ(၆)ရက်နေ့ တာဆမ်ပူးအနီး၊ နောင်မိတ်အရှေ့မြောက်ဘက်ရှိ SSPP/SSAတပ်စခန်းကို မနက်(၈း၄၅)နာရီတွင် တပ်မတော်စစ်ကြောင်းများမှ အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်လာသောကြောင့် နေ့လည်(၁၃း၀၀)နာရီအထိတိုက်ပွဲဖြစ်ခဲ့ပြီး၊ နေ့လည်(၁၄း၀၀)နာရီမှ ညနေ(၁၈း၃၀)နာရီအထိ ထပ်မံတိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

၂၀၁၅ခုနှစ် အောက်တိုဘာလ(၇)ရက်နေ့တွင်လည်း မနက်(၅း၄၅)နာရီမှ(၁၈း၃၀)နာရီအထိ နမ့်မော်ခုမ်နွဲ့တွင်လည်းကောင်း၊ (၁၁း၂၅)နာရီမှ နေ့လည်(၁၇း၀၀)နာရီအထိ နမ့်ပန်ချောင်းအရှေ့ဘက်ခြမ်းရှိ နမ့်မော်နတ်တူတွင်လည်းတိုက်ပွဲများဆက်လက်ဖြစ်ပွားနေပါသည်။

ထိုသို့သောတပ်မတော်စစ်ကြောင်းများမှ SSPP/SSAထိန်းချုပ်နယ်မြေအတွင်း အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာခြင်းသည် SSPP/SSAမှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်NCAကိုလက်မှတ်မရေးထိုးနိုင်သေးခြင်းအပေါ် စစ်ရေးအရဖိအားပေးခြင်းသာဖြစ်သည်။

မိမိတို့SSPP/SSAသည် ၂၀၁၂ခုနှစ် ဇန်နဝါရီလ(၂၈)ရက်နေ့ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့တွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ လက်မှတ်ရေးထိုးပြီးနောက်ပိုင်း SSPP/SSAမှ တပ်မတော်စခန်းများအား ဝင်ရောက်တိုက်ခိုက်ခြင်းမရှိခဲ့ပါ။ တပ်မတော်ဘက်မှသာလျှင် နယ်မြေစိုးမိုးရေးအကြောင်းပြချက်ဖြင့် တောတွင်းရှိ SSPP/SSAတပ်စခန်းများအား လိုက်လံထိုးစစ်ဆင်တိုက်ခိုက်ခြင်းကြောင့် တပ်မတော်နှင့် SSPP/SSAတို့အကြား

တိုက်ပွဲပေါင်း(၃၀၀)ကျော်ဖြစ်ပွားခဲ့ပါသည်။ ဤဖြစ်စဉ်များတွင် ၂၀၁၂ခုနှစ်(၇)မိုင်စခန်း၊ တောင်ဟီးရိုး၊ ပေါ့လွတ်တိုက်ပွဲများ၊ ၂၀၁၄ခုနှစ် တာတာဆောင်စခန်းတိုက်ပွဲများ ဖြစ်ပွားခဲ့ရပါသည်။ ဤတိုက်ပွဲများကြောင့် ရဟန်းရှင်လူ မိဘပြည်သူများ စစ်ဘေးဒဏ်ခံခဲ့ပြီး အသက်အိုးအိမ်၊ စိုက်ပျိုးမြေများ၊ ကျွဲနွားတိရိစ္ဆာန်များ ဆုံးရှုံးခဲ့ရပါသည်။

ထိုသို့သောတိုက်ပွဲများသည် နိုင်ငံတော်အတွက်လည်းကောင်း၊ SSPP/SSAအတွက်သော်လည်းကောင်း မည်သို့သောအကျိုးမဖြစ်ထွန်းပါ။ ယခုအခါတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်NCAကို လက်မှတ်ရေးထိုးရန်အချိန်နီးကပ်နေသည့်အတွက်လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲကြီးသည်လည်း နီးကပ်လာသည်ဖြစ်သည့်အတွက် မလိုလားအပ်သည့်တိုက်ပွဲများကြောင့် အနှောက်အယှက် အဟန့်အတားများမဖြစ်စေရန် အလွန်အရေးကြီးသည့်အချိန်အခါဖြစ်ပါသည်။

နိုင်ငံရေးအရင်းခံကြောင့် ဖြစ်ပေါ်လာရသည့် လက်နက်ကိုင်တော်လှန်ရေးသည် စစ်ရေးနည်းဖြင့်ဖြေရှင်း၍မရနိုင်ပါ။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်း၊ ငြိမ်းချမ်းသောနိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းမှတဆင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားတောင့်တသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူညီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်ရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ SSPP/SSAသည် နိုင်ငံရေးပြဿနာကို၊ ငြိမ်းချမ်းသောနိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။ ။

ဗဟိုကော်မတီ

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်(SSPP/SSA)

၂၀၁၅ခုနှစ် အောက်တိုဘာလ(၈)ရက်

ဆက်သွယ်ရန်၊

- ဗိုလ်မှူးကြီးစိုင်းလ (ဖုန်း- ၀၉၄၉၃၃၇၄၆၉၉၊ ၀၉၄၇၃၀၃၄၄၆)